# ၁၉၅၆ ခုနှစ်၊ ရောင်းခွန် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၂။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ရောင်းခွန် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ရောင်းခွန် အက်ဥပဒေ၏ ပုဒ်မ ၂၉ တွင်၊ အောက်ပါခြွင်းချက်ကို၊ ပုဒ်မခွဲ (၂) ၏ ခြွင်းချက်အဖြစ်ထည့်သွင်းရမည်။

> "ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမတ သည်၊ ထိုအက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်အရ ကုန်သွယ်သူက ပေးသွင်းထားရမည့် အခွန်ကိုငှင်း၊ အကယ်၍ ဒဏ်ကြေးပါရှိက ထိုဒဏ်ကြေးကိုငှင်း၊ လျှော့၍ပေးသွင်းခွင့်ပြုနိုင်သည့်ပြင်၊ ထိုအက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (၂) တွင် သတ်မှတ်ထားသောကာလ အပိုင်းအခြားကိုလည်း သင့်တော်သည်ထင်မြင်သည့် အတိုင်း တိုးမြှင့်နိုင်သည်။ "

အတိုး ၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၃၂၊ တရားရေးဝန်ကြီးဌာန၊ ၂၅-၁-၅၇—၂,၂၀၀—၂။